

# အဖြူရောင် မှန်တစ်ချပ်

## (၁)

စာရေးဆရာဆိုတာ မှန်တစ်ချပ်ကိုင်ပြီး ခေတ်ထဲမှာ ခရီးသွားနေသူဖြစ်တယ်လို့ လွန်ခဲ့တဲ့ နှစ် ၂၀ ဝန်းကျင်က ကျွန်တော်ပြောခဲ့ဖူးပါတယ်။ သူဟာခေတ်ကို သူ့ "ကြည့်မှန်"ကတစ်ဆင့် မြင်တယ်။ မြင်ရတာ ကို ပြန်ပြီး ရေးတယ်။ ကြည့်မှန်ရဲ့ အမျိုးအစားနဲ့ အရည်အသွေးကို လိုက်ပြီးတော့ ခေတ်ရဲ့ ပန်းချီဟာ ကွဲပြားသွားတယ်။ တချို့ မှန်တွေက အရောင်ရှိတယ်၊ တချို့မှန်တွေက ပြဒါးအားနည်း တယ်၊ တချို့မှန်တွေက မညီဘူး၊ တချို့ မှန်တွေက အက်ကွဲကြေမွနေတယ်။

ကြည့်သူအပေါ်မှာလည်း မူတည်ပါတယ်။ တချို့က ခေတ်ကို မကြည့်ဘဲ ကိုယ့်မျက်နှာပဲ ကိုယ်ကြည့်ကြတယ်။ တချို့က အရပ်ဆယ်မျက်နှာရဲ့ ထောင့်တစ်ထောင့်တည်းကိုပဲ ချိန်ထားတယ်။ တချို့က မျက်စိမွဲတယ်။ တချို့က မျက်စေ့မှေးတယ်။

စာရေးဆရာတစ်ယောက်ရဲ့ စာကို ဖတ်လိုက်ရင် သူ ဘယ်လိုကြည့်မှန်မျိုး ဆောင်ထားတယ်။ သူ့ စက္ခုအာရုံ အဆင့်အတန်းနဲ့ အရည်အသွေးက ဘယ်လိုဆိုတာ ပေါ်ပါတယ်။

အရေးကြီးတဲ့ အချက်တစ်ချက် ကျန်ပါသေးတယ်။ ကာလတစ်ခုအတွင်း ရေးသားခဲ့တဲ့ စာတွေကို စာရေးဆရာရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မြင်ရတာ ပါပဲ။ စာရေးသူတွေဟာ လက်သင်ဘဝက တက်လာကြရတာ ချည်းပါပဲ။ ဝါသနာရှင်ဘဝမှာ အပယ်ခံစာမူတွေ အများကြီးရေးပြီး လေ့ကျင့်ကွင်း ဆင်းခဲ့ရတယ်။ တင်ပြပုံကအစ အရေးအသားအထိ စမ်းသပ်ကြည့်ခဲ့ရမယ်။ ရှေးဦး ခြေလှမ်းဆိုတာ ယိုင်နဲ့နဲ့ ဖြစ်နေမှာချည်းပါပဲ။ ကွယ်လွန်သူ စာရေးဆရာကြီးတစ်ဦး နုစဉ်က ရေးခဲ့တဲ့ ကဗျာတစ်ပုဒ်ကို ဖတ်ခဲ့ရဖူးပါတယ်။ ဘာမှရယ် မဟုတ်ပါဘူး။

မှတ်မှတ်သားသားလည်း မရှိပါဘူး။ တစ်နေ့မှာ စကားကြုံ တုန်း "ဆရာ့ကဗျာတစ်ပုဒ် ကျွန်တော် တွေ့လိုက်မိတယ်"လို့ ပြောမိတော့ "အဲဒီ ကဗျာအတွက် ကျွန်တော် အခုထိ ရှက်နေတုန်းပဲ"လို့ပြောပါတယ်။ ဒါကြောင့်လည်းပဲ စာရေးသူ တော်တော်များများ ဟာ ငယ်နုစဉ်က ရေးခဲ့တဲ့ အကြိုခြေလှမ်းစာမူတွေကို ပေါင်းချုပ်တွေမှာ ပြန်မထည့်ကြတာ ဖြစ်မယ်။ စိတ်ကူးယဉ်ဇာတ်လမ်း ဆင်တာတွေ၊ စကားလုံးအဆန်း ထိုးထိုးထောင်ထောင်တွေ၊ မရင့်မာသေးတဲ့ လောကအမြင်တွေ ပါနေတတ်ကြပါတယ်။

## (၂)

အဖြူရောင် (ရွှေ)ရဲ့ စာမူတွေဟာ သူ့ရဲ့ ဖြတ်သန်းမှုကို ပြပါတယ်။ စာရေးဆရာတစ်ယောက် ရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုကို ထင်ထင်ရှားရှား တွေ့ရပါတယ်။ "လက်ငြိမ်လာတယ်"လို့ ကျွန်တော်တို့ လောကမှာ သုံးစွဲတတ်ကြတဲ့ စကားလုံးကိုပဲ သုံးစွဲရမှာ ဖြစ်ပါတယ်။ ဘဂနဲ့ ထိတွေ့လိုက်ရတဲ့အခါ ကျောင်းသူဘဂတုန်းက လူ့သဘာဂအတိုင်း ရှိခဲ့တဲ့ ပေါ့လွင်မြူးကြွမှုတွေ အနည်ထိုင်ပြီး သရုပ်မှန် ဘက်ကို ဝင်ရောက်လာတာ တွေ့ရပါတယ်။ သူကိုင်ထားတဲ့ ကြည့်မှန်တွေ အရောင်ပြယ်လာပြီး အဖြူ ရောင်ဖြစ်လာတာ တွေ့ရပါတယ်။

မှန်ကဖြူနေပေမယ့် ကြည့်သူရဲ့ နှလုံးသားက စက်ရုပ်ဆန်နေရင် ဖတ်ကောင်းရုံ အဖြစ်သ ဘောဂတ္ထုတွေပဲ ထွက်လာမှာပါ။ အဖြူရောင် (ရွှေ)ရဲ့ နှလုံးသားကကော ဘယ်လိုရှိလေမလဲ။

ဂတ္ထုတိုတစ်ခေတ်ကို ပြန်လည်ထူထောင်ကြရာမှာ လူငယ်စာရေးဆရာတွေ အပြိုင်းအရိုင်း တက်လာကြတာ တွေ့ရပါတယ်။ ဂတ္ထုတိုကို တခုတ်တရ နေရာပေးတဲ့ မဂ္ဂဇင်းတွေ ရှားပါးလာတဲ့ အချိန်မှာ တစ်မိုးလုံးဖျောက်ဆိတ်ဆိုသလိုမျိုးလည်း တွေ့ရတာ ပါပဲ။ အကြောင်းအရာကိုပဲ အဓိကထား ပြီး ရေးချင်သလို ရေးတတ်သလို

ရေးလွှတ်လိုက်တာမျိုးတွေတွေ့လာနေရပါတယ်။ ဇာတ်ကောင်စရိုက် မပေါ်တာမျိုးက မထူးဆန်းတော့သလို ဖြတ်လာနေတာမို့ ၂၁ ရာစု မြန်မာဝတ္ထုတိုမှာ ဇာတ်ကောင် စရိုက် မပေါ်အောင် ရေးဖွဲ့မှုဟာ နည်းပညာသစ်တစ်ရပ်လို ဖြစ်လာနေပြီလို့ မှတ်ချက်ချရမလိုတောင် ဖြစ်ပါတယ်။ ဒီပြဿနာရဲ့ အခြေခံက နည်းပညာနဲ့ ခံစားမှုပါပဲ။ ခံစားမှု သွင်းလိုက်ရင် ဇာတ်ရုပ်ဟာ အသက်ဝင်လာပါတယ်။ လောကကို ကိုယ်စားပြုနိုင်လောက်အောင် စရိုက်ဖော်နိုင်မှုဖြစ်လာဖို့ကတော့ အခြေခံနည်းစနစ်တွေကို သိနေမှ ဖြစ်ပါမယ်။ အတတ်ပညာချို့တဲ့ရင် အနုပညာပစ္စည်းတစ်ခုဟာ အရည်အသွေး ပေါ်သင့်သလို မပေါ်တတ်ပါဘူး။

အဖြူရောင်(ရွှေ)ဝတ္ထုတွေထဲမှာ ကျွန်တော် မီးမောင်းထိုးပြသင့်တယ် ထင်တာ “အသည်း နှလုံးဖြင့် ရေးသောစာ”ပါ။ အမှာစာရေးသူတစ်ယောက်အနေနဲ့ ကျွန်တော့်မှာ ဒီလောက်ပဲ ရေးခွင့်ရှိပါ တယ်။ ခရီးသွားများကိုယ်တိုင် ပါဝင်လှုပ်ရှားရတဲ့ခရီးဟာ စိတ်ဝင်စရာ အကောင်းဆုံးမဟုတ်ပါလား။

**ကျော်စောမင်း**

**စမ်းချောင်း**

**၂၀၁၄၊ ဒီဇင်ဘာ ၅**

***

# ဆယ်နှစ်စာ လမ်း

ဒုတိယမြောက် ဝတ္ထုတိုပေါင်းချုပ်ကလေး စီစဉ်ဖြစ်တော့ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ပထမဆုံး ဖော်ပြခံရတဲ့ “ချစ်ခြင်းဆေးရောင်စုံ”ဆိုတဲ့ ဝတ္ထုလေးကို အမှတ်တရအနေနဲ့ ပြန်ထည့်ချင်လာခဲ့ပါ တယ်။

ပထမဦးဆုံးရေးဖြစ်တဲ့ ဝတ္ထုဖြစ်ပြီး ပထမဦးဆုံး ဖော်ပြခံရတဲ့ဝတ္ထုလည်း ဖြစ်ပါတယ်။ ဒီဝတ္ထု လေးရဲ့ တွန်းအားရဲ့ ဝတ္ထုတွေ ဆက်ရေးဖြစ်၊ ဆက်ပို့ဖြစ်ရင်း အခုလို စာရေးသူဘဝကို ရခဲ့တာပါ။

ဒီဝတ္ထုတိုပေါင်းချုပ်ကလေးထဲမှာ ချို့ယွင်းချက်၊ အားနည်းချက်တွေ ရှိနေတဲ့ ငယ်လက်ရာလေး တွေကို ပြုပြင်၊ ပြောင်းလဲ၊ ပြင်ဆင်တာတွေ မလုပ်ခဲ့ဘဲ မူရင်းအတိုင်း ပြန်ဖော်ပြထားပါတယ်လို့ ပြောပြချင်ပါတယ်။

“ချစ်ခြင်းဆေးရောင်စုံ”ကို ၂၀၁၄၊ ဖေဖော်ဝါရီမှာ ဖော်ပြခံရတာ ဖြစ်လို့ အခုဆိုရင် စာရေးသက် (၁၀)နှစ် ရှိခဲ့ပါပြီ။ ဖြတ်သန်းခဲ့တဲ့ ဆယ်နှစ်စာလမ်းတစ်လျှောက်မှာ မိဘနှစ်ပါး၊ လက်ဦးဆရာ ဦးဝင်းငြိမ်း၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးနဲ့ စာဖတ်သူအားလုံးကို ကျေးဇူး အထူးတင်ရှိ ပါကြောင်း လေးလေးစားစား ပြောပါရစေ။

**အဖြိုးရောင်(ရွှေ)**

**၁၀-၁၂-၂၀၁၄**

***

## ချစ်ခြင်းဆေးရောင်စုံ

“မျက်ဝန်းတို့ကို မှေးမှိတ်၍

သူသီချင်းဆိုနေလျှင်

အသက်ဝင် လှိုက်လှဲလာသော

သူ့သီချင်းသံကို နားထောင်ရင်း

ကျွန်မအတွေးတွေ လွင့်မျောမိမြဲ . . .။

သူ့ရဲ့အချစ်ဟာ ဘာလဲ၊

သူ့ရဲ့ချစ်မြတ်နိုးမှုဟာ

သူကိုယ်တိုင်လား . . .၊

ခင်ထားလား . . .၊

သူ့သီချင်းတွေလား။”

***

သူနဲ့ပတ်သက်လာလျှင် ကျွန်မသည် ကျွန်မ မဟုတ်တော့။ ကျွန်မ ချစ်သော သူ့အတွက် စတေးခံ ခြေနင်း မြေပြင်တလင်းတစ်ခုသာ ဖြစ်လေသည်။ ဘဂ၊ ဆန္ဒ၊ အတ္တ၊ မာန ဘာဆို ဘာတစ်ခု မှ သူ့အပေါ် ရိပ်ငွေ့မသန်းစေလို။ ကျွန်မသည် ကျွန်မမဟုတ် ဗလာသက်သက် ရေလိုပေါ့လေ။ သူက လေးထောင့်ခွက်နဲ့ ရယူလိုလျှင် ကျွန်မကလည်း လေးထောင့်ခွက်ထဲမှရေ၊ ဒါမှမဟုတ် ခွက်ဝိုင်းထဲမှ၊ ဘူးရှည်ထဲမှ၊ ပန်းကန်ပြားတစ်ချပ်ဆီမှ၊ ပုလင်းလွတ်တစ်လုံးထဲမှ . . .။

(အချစ်)

ချစ်ခြင်းဖြင့် ပြည့်လျှမ်းသော ဘဝတစ်ခုကို ကျွန်မ ပိုင်ဆိုင်သည်။ ကျွန်မ ဘုရားသခင်ကို ချစ်သည်။ အရောင်တွေကို ချစ်သည်။ သံစဉ်တွေကို ချစ်သည်။ စကားတန်ဆာ အလင်္ကာတို့ကို ချစ်သည်။ သူတို့ကို ချစ်ရခြင်းများနှင့် ကျွန်မဘဝ ဖြစ်တည်ရခြင်းအပေါ် တကယ်ပဲ ကျေနပ်နှစ်သိမ့်နိုင် ခဲ့သည်။ ကျေနပ်နှစ်သိမ့်ခဲ့ဖူးသည်ပေါ့လေ . . .။

သမားရိုးကျ ဖြတ်သန်းခဲ့ရသော (၂၂)ဝန်းကျင်ဆ ရောင့်ရဲခြင်းကိုလည်းချစ်၊ ပိုင်ဆိုင်ခြင်းကို လည်းချစ်၊ အရာရာ ချောမွေ့လှပသော ဘဝတစ်ခုပါပဲ။ အလိုက်သင့် အလျှားသင့် ကုန်ဆုံးရသော ထုံးတမ်းစဉ်လာခလေ့များ ပြီးလျှင် ကျန်ရှိသော အားလပ်ချိန်များမှာ အရောင်တွေနှင့် ကစားရခြင်း၊ ဂီတသင်္ကေတများနှင့် အသံနိမ့်မြင့် ပြောင်းလဲမှုများအပေါ် ဆန်းစစ်လေ့လာခြင်း၊ အက္ခရာ သဒ္ဒါစကား လုံး စာလုံးများနှင့် ကျေနပ်နှစ်သိမ့်ရခြင်းတို့သာ ကျွန်မရဲ့အဖော်။

ကျွန်မဘဝရဲ့ ဧကရာဇ်ဟာလည်း ကျွန်မ၊ ကျေးကျွန်ဟာလည်း ကျွန်မကိုယ်တိုင် . . .။

မှိုင်းမှုန်သော ဆောင်းနံနက် ပန်းချီကားတစ်ခုအတွက် စုတ်တံများ၏ အဖိ၊ အဖော့မှာ နစ်မြုပ်ရင်း သီချင်းတစ်ပိုင်းတစ်စ ညည်းညူမည်။ ထိုမှ တစ်ဆင့် လက်ချောင်းဖျားဆီမှ သံစဉ်တစ်ခုကို ရှာဖွေလိုသော ယားယံကျိစယ်မှုတို့နှင့်အတူ စုတ်တံအစား ဂီတကြိုးကို ဆုပ်ကိုင်ချင် ဆုပ်ကိုင်မိပေ လိမ့်မည်။

ထိုဂီတ၏ စီးမျောမှုမှသည် ဘုရားသခင်၏ ဂုဏ်တော်ကို ကျူးရင့်နိုင်သေးသည်။ နောက်တော့ မြက်ခင်းပြင်ပေါ် ခြေပစ်လက်ပစ် လှဲနေရင်း ကြည်အေး၏ 'လွင့်ပစ်လိုက်စမ်း'ကို အော်နိုင်သေးသည်။

အဲသလို ကျွန်မချစ်သော အရာများစွာကို ကျွန်မ စိတ်တိုင်းကျ

ကိုယ်ပိုင်လွတ်လပ်ခွင့်များဖြင့် ခံစားနိုင်သည်။

ကျွန်မဟာ အနှောင်အဖွဲ့ကင်းသူ၊ အချုပ်အနှောင်ကင်းသူ၊ တိမ်ငွေ့တို့ လွင့်ပါးမှုကို ကြည့်ရင်း လွတ်လပ်ပေါ့ပါးစွာ ဟားတိုက်ရယ်နိုင်သူ၊ ကဲ . . . ကျွန်မ ဘာကို မှုရမတဲ့လဲ။

စိတ်ဝိညာဉ်တို့ ပေါ့ပါးလွတ်လပ်စွာ ရပ်တည်ခဲ့သော ကျွန်မက ကျွန်မမဟုတ်နိုင်တော့ခြင်း၏ တရားခံမှာ သူလား၊ အချစ်လား ကျွန်မ မဝေခွဲနိုင်ပါ။

တွေ့စမြင်စက အမှတ်တမဲ့နိုင်လှသော်လည်း နှလုံးသားထိ ဝင်ရောက်လာပုံကတော့ အမှတ်တရဖြစ်ခဲ့သည်ပဲ။

ကျွန်မ သူငယ်ချင်းဖြစ်သော၊ သူ့မိန်းကလေးဖြစ်သော ခင်ထား၏ မိတ်ဆက်ပေးမှုဖြင့် ကျွန်မတို့သိကျွမ်းခဲ့ရသည့် အချိန်ကတော့ စုတ်တံဖျားက ဆေးအထူအပါးလောက်တောင် စိတ်ဝင်စား မှု မရှိခဲ့။

မြို့စွန်မြက်ခင်းများ ဖုံးလွှမ်းသော တောစပ်တစ်လျှောက်မှာ၊ မြက်ခင်းဘေးမှာ၊ ကျောက်ဆောင် ကမ်းပါးတို့ ခြေရင်းမှာ ကျွန်မက ပန်းချီဆွဲရင်းသူတို့က ချစ်သူတို့သဘာဝ ပျော်ရွှင်ရင်ခုန်ရင်း အချိန် ကာလတို့ကို ဖြတ်ကျော်ခဲ့ကြသည်။

တိုးတိတ်ညင်သာ သူ့သီချင်းသံတို့ကို အမှတ်မထင် နားထောင်ဖြစ်ရင်း အမှတ်ထင်ထင် ဖြစ်ခဲ့ချိန်မှာတော့ သီချင်းသံတို့နဲ့အတူ သီချင်းရှင်အပေါ် ငြိတွယ်စိတ်တို့က နက်ရှိုင်းနေခဲ့ပြီ။

သူ့ရဲ့ 'ညီမလေး'ခေါ်သံတို့မှာ တိမ်းမူးမျောပါရင်း အတူနေခွင့်တို့ ရှည်ကြာစေချင်မိလေသည်။

ရည်မှန်းချက် ပြင်းထန်ပြီး တော်လွန်း ထူးချွန်လွန်းသော ခင်ထားနဲ့ သီချင်းတို့ကို ဘဝအဖော် မှတ်ထင်ယူဆနေခဲ့သော သူတို့ ကတောက်ကဆပွဲအပြီးမှာ

သူကလည်း သာမန်အချိန်များမှာထက် ပိုရီဝေသော၊ ပိုချော့မြူသော တေးများ သီဆိုတတ်လာသလို ခင်ထားကလည်း ပိုပြီး ပြတ်သားသော ဆုံးဖြတ်ချက်ကို ချတတ်လာသည်။

ကျွန်မ ပန်းချီကားတွေကလည်း လှေကားထစ်ပုံတွေ၊ နောက် စုတ်တံတစ်ချောင်းတည်းသုံးပြီး ဆွဲထားတဲ့ ရွက်ကြွေတော နီနီရဲရဲတွေ . . .။

တစ်ခါတစ်လေတော့လည်း ကင်းဗက်ရှေ့ထိုင်ပြီး သူတစ်လှည့် ကျွန်မတစ်လှည့် ဂီတာတီးပြီး သီချင်းတွေဆိုကြ၊ ခင်ထားက လက်ခုပ်တီးလို့ပေါ့ . . .။

အဲဒီ နောက်ပိုင်းရက်တွေမှာတော့ ကျွန်မရဲ့ အခန်းကဏ္ဍက မှေးမှိန်လာတာလား။ တောက်ပြောင်လာတာလား။ ကျွန်မကိုယ်တိုင် မဝေခွဲနိုင်ခဲ့။ သူနဲ့ခင်ထား အတူရှိနေပြီး တစ်စုံတစ်ရာ ကျေလည်သည်ဖြစ်စေ၊ မကျေလည်သည်ဖြစ်စေ သူက ကျွန်မကို စကားဝိုင်းထဲ ဇွတ်သွင်းခေါ်တတ်လေသည်။

စုတ်တံကို ကောက်ကိုင်ပြီး ရင်ထဲက felling တွေကို ပုံဖော်နစ်မျောနေချိန်မှာ၊ ဒါမှမဟုတ် ဂီတာတစ်လက်နဲ့ သံစဉ်တိုးဖွဲ့ညည်းတွားလိုချိန်တွေမှာ ကျွန်မအချိန်တွေဟာ ဇွတ်အဓမ္မ တောင်းခံတတ်သော အတ္တကရဏာရှင် သူ့အတွက် ဖြစ်ခဲ့ရပြီ။

သူ့ဝေဒနာတွေကို မျှယူလိုစိတ် သူ့အလိုကျ ရပ်တန့်ပေးလိုက်ရတဲ့ ကျွန်မရဲ့ အနုပညာခံစား လိုမှုတွေ သူနဲ့ပတ်သက်လာလျှင် မာနမရှိ၊ အတ္တမရှိ။

ပန်းပွင့်တွေလည်း ကျွန်မဘာဂ မဟုတ်တော့။ အရောင်တွေ၊ ကဗျာတွေ၊ အားလုံးသော ချစ်ခြင်း မြတ်နိုးရာတွေ သူ့ဆီမှာ သူ့မျက်ဝန်းတို့အောက်မှာ နစ်မျောကုန်တော့တာ။

သူ ညည်းတွားသော သူနဲ့ခင်ထားအကြောင်း

သမားရိုးကျဇာတ်လမ်းတစ်ခုရဲ့ ဒေါသပေါက်ကွဲ ရာသည်လည်း ကျွန်မပါပဲ။

ကျွန်မချစ်သော လူငယ်ကလေးဟာ သူ့ကိုယ်သူ ချစ်တဲ့စိတ်၊ သူ့ချစ်သူကို ချစ်တဲ့စိတ်တွေနဲ့ ပူလောင်လှချေရဲ့ကွယ် . . .။

ကျွန်မအတွက်ကတော့ သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ထူးအိမ်သင်သီချင်းတစ်ပုဒ်ကို အဆိုမပါ တီးနေရရင် ပြည့်စုံကျေနပ်နေတော့တာပါပဲ။

သူ့ရဲ့ အလိုဆန္ဒတွေကို ကျွန်မရဲ့ အလိုဆန္ဒ ဖြစ်လာအောင် ပေးဆပ်ရခြင်းအပေါ်မှာပဲ ကြည်နူးချမ်းမြေ့နေတော့သည်။

သူတို့က ချစ်သူတွေပဲလေ ပြေလည်နေချိန်မှာ မုဒိတာပွားဖို့၊ မပြေလည်ကြချိန်မှာ အားပေးဖို့ ဒီလို ဖြူစင်မှုကိုလည်း ဂုဏ်ယူကျေနပ်နိုင်ခဲ့၊ တကယ်တော့ သူပြန်ချစ်ဖို့၊ မချစ်ဖို့ ဆိုတာထက် ကိုယ်က ချစ်နေဖို့သာ လိုတာပါပဲ။ ကျွန်မရဲ့ ချစ်ခြင်းတွေနဲ့ ကျွန်မတို့သုံးယောက်ရဲ့ ပုံရိပ်တွေကို ရေးဆွဲ ဆေးခြယ်နိုင်သေးတာပဲ၊ ကိုယ်ချစ်တဲ့လူကို ဘေးမှာထားပြီး ကိုယ်ချစ်တဲ့ ပန်းချီဆွဲ၊ ဂီတာတီး၊ ကဗျာရေး လောကဟာ ဘယ်လောက်ငြိမ်းချမ်းလိုက်သလဲကွယ်။

တစ်ခါ တစ်ခါတော့လည်း ဒီလိုမဟုတ်ဘဲ သူ့အချစ်တွေကိုသာ ရခဲ့ရင် သူ့ချစ်ခြင်းတွေ ခံယူပြီး ပန်းချီဆွဲရရင် ကျွန်မဘဝရဲ့ master piece တွေ ဖြစ်လာမှာပဲလို့တောင် စိတ်ကူးယဉ်ဖူးလေသည်။

တစ်ခါကတော့ ရက်ပေါင်း တော်တော်ကြာကြာ သူရော၊ ခင်ထားရော ချောင်းဘေး မြက်ခင်း ပေါ်ရောက်မလာကြ။

အဲဒီ နေ့တွေမှာ ပန်းချီကားတစ်ချပ် ရေးဆွဲဖြစ်သည်။

ချောင်းစပ် ကျောက်တုံး ကျောက်ခဲတွေဘေးမှာ ထဘီရင်ရှားကို ဖြန့်ဝတ်နေသော မိန်းမတစ်ဦး ရဲ့ပုံ၊ အနောက်ဘက် တောင်စောင်းတွေပေါ်မှာ

ဝင်လုဆဲ နေမင်းရဲ့ အရောင်တွေက ဝင်းဖြာကျဆင်း လို့၊ အဲဒီ မိန်းမခန္ဓာကိုယ်က ကောက်ကြောင်း ပီပြင်ထင်ရှားလို့ အဲဒီ မိန်းမရဲ့ အရှက်ကိုလွှမ်းတဲ့ ဟန်ဆောင်မှု အကာအကွယ်တစ်ခုဟာ အမှန်တရားဆိုတဲ့ နေရောင်ကို ဖုံးကွယ်မထားနိုင်သလိုပေါ့ လေ။

မပိုင်ဆိုင်လိုပါဘူး၊ ကိုယ်ချစ်နေဖို့သာ လိုပါတယ်လို့ ကြွေးကြော်ခဲ့ပေမယ့် တကယ်တမ်း မတွေ့ရတဲ့အခါ ကျွန်မစိတ်တို့က တိမ်းတိမ်းပွေ့ပွေ့တစ်စုံတစ်ရာကို နာကြည်းရမလို။

သူကကော ဘာအတွက်များ ကျွန်မကို ပတ်သက်ခဲ့ရတာ လဲ။ ခင်ထားသာ သူ့ဘ၀၊ ခင်ထားသာ သူ့ကမ္ဘာလို့ တဖွဖွ ကြွေးကြော်ခဲ့သူက ဘာကြောင့်များ . . . ဘာကြောင့်များ . . .။

ကျွန်မကရော သူငယ်ချင်းရဲ့ ချစ်သူတစ်ယောက်အပေါ် ဘာအတွက်များ လက်ခံပတ်သက်ခဲ့ တာလဲ . . .။

ခင်ထားကို မျက်နှာပူ အားနာစိတ်၊ သူ့အပေါ် ခွင့်လွှတ်စိတ်၊ ကိုယ့်ကိုယ်ကိုယ် နာကြည်စိတ် တွေနဲ့ အဲဒီ ပန်းချီကားကို ဆေးနက်တွေနဲ့ ကြက်ခြေခတ်မိလေသည်။

သူကတော့ မနေ့ကပဲ ခွဲခွာသွားခဲ့သလို လွတ်လပ်ပေ့ါပါးစွာ ပြန်လာနိုင်ခဲ့သလောက် ကျွန်မက လေးလံတင်းကျပ်စွာ ကြိုဆိုဖြစ်လေသည်။ နောက်တော့လည်း ထုံးစံအတိုင်း သူကလည်း ရင်ဖွင့်ညည်းညူမြဲ၊ သူ့ရဲ့ ဒဏ်ရာရအချိန်တွေမှာ ကျွန်မကလည်း လက်ဖျားဆီက ထုံကျဥ်အေးစက်မှု တို့ကို မေ့လျော့စွာ သူ့စကားတွေမှာ နစ်မျောမြဲ၊ ပြီးတော့ တိတ်ဆိတ်စွာ ကြေကွဲမြဲ . . .။

မျက်ဝန်းတို့ကို မှေးမှိတ် ၍ သူသီချင်းဆိုနေလျှင် အသက်ဝင်လိုက်လှဲလာသော သူ့သီချင်းသံကို နားထောင်ရင်း ကျွန်မအတွေးတွေလွင့်မျောမိမြဲ . . .။ သူ့ရဲ့အချစ်ဟာ ဘာလဲ၊ သူ့ရဲ့ ချစ်မြတ်နိုးမှုဟာ

သူကိုယ်တိုင်လား . . .၊ ခင်ထားလား . . .၊ သူ့သီချင်းတွေလား။

သူက ခင်ထားကို ချစ်နေချင်တာလား . . .၊ လွမ်းနေချင်တာလား . . .။ ချစ်ခြင်းနဲ့ အတူတကွ နီးစပ်ဖို့ထက် လွမ်းရင်း ခံစားရင်း တေးသီရင်း သူ့အနုပညာတွေ တောက်ပြောင်နေချင်တာလား . . .။ သူ ပုံဖော်တဲ့ သူ့ရဲ့အနာဂတ်ဟာ အလွမ်းကို အရင်းပြုပါသလား . . .။

ဒါဆို သူ့ရဲ့ ပြက္ခဒိန်တွေမှာ ကျွန်မရဲ့ ကဏ္ဍက ဘာလဲ . . . ဘယ်နေရာလဲ . . .။

အခုတော့လည်း သူ . . . ဘာအတွက် ကျွန်မကို အသုံးချနေသလဲဆိုတာ တွေးဖို့ထက် သူ့မျက်နှာကိုကြည့်၊ လေအဟ့ေမှာ ပါလာတတ်သော သူ့ကိုယ်ရနံ့တို့ကို တိတ်တခိုး ရှူရှိုက်ရင်း ဂီတာကို ညင်သာတိုးဖွ ကစားရလျှင် ပြီးပြည့်စုံတယ် ထင်နေတော့တာပါပဲ။ ချစ်မြတ်နိုးစိတ်သက်သက် နဲ့ မျှော်ငေးကြည့်ခွင့် ရနေသမျှ ကျေနပ်နေတော့တာပါပဲလေ . . .။

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊**

**အမှတ်(၁၇၁)၊ ဖေဖော်ဝါရီလ၊ ၂၀၁၄**

***

## စီးဆင်းနေဆဲ . . . မြစ်

“Man may come and man may go

But I go on forever”ဆိုတဲ့ စကားလေးကို

သတိရမိတော့ အမေ့ဘဂကို

ဧရာဝတီမြစ်ကြီးလို့ တင်စားချင်လာပါတယ်။

ပင်လယ်ဆီ တငြိမ့်ငြိမ့် စီးဆင်းလေတဲ့

ဧရာဝတီ လို ကိုယ်တိုင်လည်းစီးဆင်း

ပတ်ဝန်းကျင်ကိုလည်း အထောက်အပံ့ပေးနေခဲ့တာကိုး။

ဧရာဝတီမြစ်ကြီး ထာဝရစီးဆင်းစေချင်သလို

ကျွန်မတို့ရဲ့ ချစ်သော အမေ

အသက်ရာကျော် ရှည်စေချင်ပါတယ်။”

***

ပြီးတခဲ့တဲ့ နှစ်ဆန်းက ကျွန်မတို့မိသားစု မုံရွာကို အလည်ခရီးထွက်ဖြစ်တယ်။ ဂျာနယ်ထဲမှာ အလောင်းတော်ကဿပ ခရီးအကြောင်းပါလာတော့ သားတွေက ပူဆာတော့တာပဲ။ ဆင်စီးချင်ပါသ တဲ့။ ကျွန်မတို့ကလည်း အမြဲတမ်း စီးပွားရေးနဲ့ နပန်းလုံးနေတဲ့သူတွေဆိုတော့ အပျော်ခရီးထွက်ဖို့ အတော့်ကို စဉ်းစားရတာ ။ ခရီးထွက်ဖို့ စိတ်ကူးရလာရင်လည်း မရှောင်ချင်၊ မလွှဲချင်တဲ့ကိစ္စတွေနဲ့ ပျက်သွားတတ်တာ အမြဲတမ်းပဲ။

ဒီတစ်ခါတော့ ကလေးတွေလည်း သနားတာနဲ့ ဇွတ်မှိတ်ပြီးကို

ထွက်ဖြစ်သွားတယ်ဆိုပါတော့။ တစ်ခါတစ်လေတော့လည်း ဖွတ်မိုတ်ရမယ့်ကိစ္စတွေအတွက် ဖွတ်မိုတ်လိုက်ဖို့ လိုအပ်တယ် မဟုတ်လား။ အိမ်မှာနေပြီး အိမ်မှုကိစ္စတွေနဲ့ အချိန်ကုန်နေရတတ်တဲ့ အမေ့ကိုလည်း လိုက်ပို့ချင်တယ်။ ကလေးတွေကိုလည်း ဆင်စီးစေချင်တယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေ့ါ။

အလောင်းတော်ကဿပဆိုတာ တကယ့်ကို ဖူးခေါင့်ဖူးခဲခရီးမဟုတ်လား။ အကြမ်းဖျင်းပြော ရရင် အဲဒီ ခရီးကအပြန် မုံရွာမှာနေတဲ့ ကျွန်မရဲ့ယောက်မ (ယောက်ျားရဲ့ အစ်မအကြီးဆုံး)အပျိုကြီးကို ရန်ကုန်ခေါ်လာဖြစ်တယ်။ အပျိုကြီးက (၆၄)နှစ်၊ မန္တလေး၊ ပြင်ဦးလွင်ကလွဲပြီး ဘယ်မှ မရောက်ဖူးဘူး။ အဲဒီ တော့ ရန်ကုန်ဘုရားတွေ ဖူးရအောင်ရယ်၊ ဘယ်အချိန် ဘာဖြစ်မယ်မှန်း မသိရတဲ့ ဘဝတွေ အတွက် လက်ရှိနေ့ရက်မှာ တူအရီး မောင်နှမတွေ လည်လည်ပတ်ပတ်ရှိရအောင်ဆိုတဲ့ ရည်ရွယ်ချက် နဲ့ ခေါ်ခဲ့တာပါ။

ကျွန်မက ယောက်မတွေနဲ့ တွေ့ဖူးရုံ၊ ဆုံဖူးရုံပဲ၊ အတူတူမနေဖူးဘူး။ အိမ်ထောင်ကျကတည်းက ကျွန်မရဲ့ အမေ့အိမ်တစ်လှည့်၊ အဖေ့အိမ်တစ်လှည့် နေဖြစ်ခဲ့တာ။ ရန်ကုန်ရောက်လို့ ကိုယ့်အိုးကိုယ့် အိမ်နဲ့နေရလည်း ကျွန်မအမေ၊ အစ်မတွေနဲ့သာ လက်ပွန်းတတီးနေဖြစ်ပြီး မုံရွာကို မရောက်ဖြစ်ဘူး။ သားတို့ဆိုရင် သူတို့အဖေဘက်က အမျိုးတွေကို မြင်ကိုမမြင်ဖူးဘူး။

အဲဒီ လိုနဲ့ မမကြီးကို ရန်ကုန်ခေါ်လာခဲ့တယ်။ အိမ်မှာအနေကျပ်မှာစိုးလို့ ကျွန်မရုံးမှာပဲ အခန်း တစ်ခန်း စီစဉ်ပေးထားတာပေ့ါ။ အိမ်နဲ့ရုံးက ကျောချင်းကပ်ဆိုတော့ မမကြီးကို အာရုံမရောက်ဖြစ်ဘူး။ ကျွန်မတူမလေးနဲ့အမျိုးသား တူမလေး(ယောက်ျားရဲ့အစ်မ) သမီးကို ကျွန်မရုံးမှာပဲ စာရင်းကိုင်ပညာ သင်ပေးပြီး ကျွန်မအလုပ်တွေ ကူလုပ်ခိုင်းထားတာဆိုတော့ မမကြီး လိုတာရှိရင် သူတို့ပြောပါဆိုပြီး အပ်ထားခဲ့တာလေ။ ကျွန်မအမေက (၇၇)နှစ်၊ မမကြီးက (၆၄)နှစ်ဆိုတော့ ရန်ကုန်မြို့ထဲ ဟိုဟိုဒီဒီ ဘုရားသွားတာ အမေရယ်၊ မမကြီးရယ်၊ တူမနှစ်ယောက်ရယ်၊ သားနှစ်ယောက်ရယ်

သွားကြတာပေါ့။

ကျွန်မက အလုပ်များတဲ့သူဆိုတော့ စာရင်းတွက်စရာ၊ စာရင်းစစ်စရာ၊ စာရိုက်စရာ ရှိတာ အတွက် ရုံးမှာ နှစ်နာရီလောက်ထိုင်လိုက်၊ အပြင်ဆိုက်တွေ၊ အိမ်ဆောက်ပစ္စည်းဆိုင်တွေ သွားလိုက် ပေါ့။ တစ်ရက်တော့ စာရွက်စာတမ်းကိစ္စတွေ အရေးကြီးနေတာနဲ့ ရုံးလာလိုက်၊ အပြင်သွားလိုက် ယောက်ယက်ခတ်နေခဲ့တယ်။ ရုံးက ပထမထပ်မှာရှိတော့ လှေကားက တက်ပြီးရုံးထဲဝင်လိုက်တာနဲ့ အဝင်တံခါးကို မျက်နှာပြုထားတဲ့ ပက်လက်ကုလားထိုင်မှာထိုင်ပြီး ပုတီးစိပ်နေတဲ့ မမကြီးကို စပြီး သတိထားမိတယ်။ အဲဒီ နေ့က ရုံးပေါ် ငါးခါလောက်တက်ဖြစ်တာဆိုတော့ (၅)ခါလုံး ဒီပုံစံပဲ။

နောက်နေ့တွေမှာလည်း အလိုလိုနေရင်း သတိထားကြည့်မိလာတာ။ ပုတီးစိပ်ရင်စိပ်၊ စာဖတ်ရင်ဖတ်ဒါပဲ။ အိမ်မှာ ထမင်းလာစားပြီဆိုရင်လည်း အိမ်ထဲဝင်လာပြီး ဧည့်ခန်းထဲမှာ ထိုင်မယ်။ အိမ်က ကောင်မလေးက “အန်တီထမင်းခူးပြီးပြီ”ဆိုရင် ထမင်းစားပွဲမှာ ထမင်းထိုင်စားမယ်။ ထမင်းစား ပြီးရင် အမေ့ကို နှုတ်ဆက်ပြီးပြန်မယ်။ ကျွန်မသားနှစ်ယောက်နဲ့ မမကြီးရဲ့ ဆက်ဆံရေးကလည်း အေးတိအေးစက်။ အင်မတန် ချွဲနွဲ့တတ်၊ ချစ်ခင်တတ်၊ ဖော်ရွေတတ်တဲ့ သားငယ်လေးကတောင် တွယ်တာပုံမပြ။ ကျွန်မတို့ မိတ်ဆွေတွေနဲ့ ဧည့်ခန်းမှာကြုံလို့ မိတ်ဆက်ပေးတုန်းကများ ကျွန်မ တော်တော်အံ့အားသင့်ရတာ ။ ကျွန်မတို့ ဧည့်သည်တွေက အမျိုးသားရဲ့အစ်မဆိုတဲ့ အသိနဲ့ အမျိုးသားအကြောင်း အလာပသလ္လာပပြောကြတာပေါ့။ အဲဒါ တကယ့်ကို မတုန်မလှုပ် မပြုံးမရယ် မျက်နှာသေကြီးနဲ့ စိုက်ကြည့်နေလို့ ကျွန်မက မနေနိုင်၊ မထိုင်နိုင် ဝင်ဝင်ပြောရတာ ။ ကြာတော့ နှစ်ဖက်စလုံးကို အားနာလာတာနဲ့ မမကြီး နားချင်ရင် ပြန်ချင်ပြန်တော့လေ ဆိုတော့ “အင်း . . .အင်း” ဆိုပြီး ထပြန်သွားရော။

အရင်တုန်းက ဒီလောက် အနီးကပ် မနေခဲ့ဘူး။ အခုလို အနီးကပ်နေရတော့ ကျွန်မမှာ အံ့သြကုန်နိုင်ဖွယ်ဖြစ်ရင်း အတွေးတွေ ဝင်လာမိတာ။

နောက်တစ်ခုက ကျွန်မဆီက ရလိုမှုနဲ့ ဘာတစ်ခုမှ မတောင်းဖူးတာ။ အဆင်ပြေတဲ့ မောင်ရဲ့မိသားစုဆီက လိုချင်ရိပ်ပြတဲ့စကားမျိုး ကျွန်မကို လည်းမပြောဘူး။ သူ့မောင်ကိုလည်း မပြောဘူး။ ပေးရင်ယူလိုက်တာပဲ။ အရိုးများသော၊ ချေးခါးသော မလုပ်တတ်တာကိုဘဲ အံ့အားတသင့်နဲ့ ကျေးဇူးတင်ရပါတယ်။ ဒါပေမယ့်လည်း ဒီလို အေးစက်ပုံမျိုးနဲ့ အိုချိန်၊ နာချိန်တွေ ဘယ်လိုလုပ်ပ့ါမလဲ။ သူ့အရပ်နဲ့ သူ့ဇာတ်၊ သူ့ညီမအရင်း(၃)ယောက်တောင် ရှိတာပဲလို့ တွေးယူရတယ်။

ကျွန်မအကျင့်ကလည်း အာရုံစိုက်မိရင် နုတ်လို့မရတော့ဘူး။ မမကြီးရောက်ပြီး တစ်လကျော် လာတော့ ကျိုက်ထီးရိုးဘုရား ပို့ဖြစ်တယ်။ အမေက ခဏ ခဏ ရောက်ဖူးပေမယ့် မမကြီး၊ အမျိုးသားနဲ့ ကျွန်မတို့က မရောက်ဖူးဘူး။ ကျွန်မတို့ မိသားစု ရန်ကုန်ရောက်တာ သားငယ်လေး တစ်သက် (၆)နှစ် ပြည့်ပြီ။ အကြောင်းကြောင်းတွေနဲ့ ကျိုက်ထီးရိုး မရောက်ဖူးဘူးလေ။ အခုတော့ ဆင်ဖြူတော်မှီပြီး ကြံစုပ်ရ ဆိုသလိုပဲ။ မမကြီးကို မဖြစ်မနေ ပို့ရင်း ကျွန်မတို့ပါ ရောက်ဖြစ်သွားတာပေ့ါ။

နဂိုက ပိန်ပိန်သေးသေးညှက်ညှက် ခန္ဓာကိုယ်က ခရီးပန်းတဲ့ဒဏ်နဲ့ပိုရင့်ရော်သွားတယ်။ ကျိုက်ထီးရိုးဘုရားဖူးပြီး မော်လမြိုင်မှာ ညအိပ်၊ နောက်ရက် စက်စဲသွားတော့ လမ်းမှာ တွေ့တဲ့ ဆေးခန်းမှာ ကားရပ်ပြီး ဆေးသွင်းရတယ်။ အဲဒီ မှာ နှိုင်းယှဉ်ချိန်ထိုးစရာအဖြစ်တစ်ခုကို ဘွားခနဲ မြင်တွေ့လိုက်ရတော့တာပါပဲ။

## (၂)

အမေ့အကြောင်း ပြောပြရဦးမယ်။ အမေက အသက်(၇၇)နှစ်နဲ့ မလိုက်အောင် ကျန်းမာ ဖျတ်လတ်တဲ့သူ။ တစ်ခါတုန်းက ကျွန်မရယ်၊ တူမနှစ်ယောက်ရယ်၊ အိမ်ကကောင်မလေးရယ်၊ အမေရယ်အားလုံးပေါင်း (၅)ယောက် တီဗွီရှေ့ထိုင်နေတုန်း ရေတင်ထားတာ လျှံကျတဲ့အသံလည်း ကြားရော

ကျွန်မတို့လူငယ်တွေကို ကျော်ပြီး ဆက်တီပေါ်တက် ရေခလုတ်ကို ဖျတ်ကနဲ လှမ်းပိတ် လိုက်တာများ ဘာမှ ပြောချိန်မရလိုက်ဘူး။
နောက်အိမ်ကကောင်မလေးက လုံးလုံးအပိုးမကျိုးဘူး၊ ယဉ်ကျေးမှု မရှိဘူး။

"အဘွားရေ၊ ရှေ့မှာ ခေါင်းလောင်းကြိုးဆွဲနေတယ်"

"အဘွား၊ ဆရာမကို လက်ဖက်ရည် တိုက်ပြီးပြီလား"

"အဘွားရေ၊ ဒီမှာလာပါဦး၊ ဒါ ဘယ်လိုလုပ်ရမှာလဲ"

"ဟဲ့-ညည်းရိုင်းလှချေလား၊ ညည်းက အဘွားရှိတဲ့နေရာ လာရမှာလား၊ အဘွားက ညည်းဆီ လာရမှာလား၊ ငါနားထောင်နေတာ အကောင်းမှတ်မနေနဲ့ ခေါင်းလောင်းကြိုးဆွဲရင် ညည်းဘာသာ သွားကြည့်ပါလား တော်ရုံပဲ လူပါးဝပါအေ၊ ကိုယ့်အဘွားအရွယ်များ စိတ်ထားတတ်ရင် ကုသိုလ် တောင်ရသေးတယ်"

"မဟုတ်ပါဘူး၊ သမီးက ဟင်းအိုးတန်းလန်းကြီးနဲ့မို့လို့ပါ"

"အေး . . . ဟင်းချက်နေရင် မီးပိတ်ခဲ့၊ ဒီအရွယ်မှာ အရိုးကျိုးရင် ပြန်မဆက်တော့ဘူး၊ နောက်ကို အဘွား . . . အဘွား အော်အော်မနေနဲ့၊ ညည်းအကျင့်များ မသိဘူးအောက်မေ့နေလား၊ တီဗွီတစ်နေကုန် ထိုင်ကြည့်ချင်တာနဲ့ပဲ အိမ်အလုပ်တွေ အမြန်ပြီးအောင်လုပ်၊ ညည်းသိထားဖို့က ကလေးနှစ်ယောက်၊ ငါတို့နှစ်ယောက်နဲ့အမေ အားလုံးမှ ငါးယောက်ပဲရှိတဲ့ အိမ်မှာ ငါ့အမေ ဘာမှ မလုပ်ရအောင် ညည်းလည်း နားသင့်တဲ့အချိန်နားပါစေဆိုတဲ့ စိတ်နဲ့ ညည်းတာဝန်ပေါ့အောင် အဝတ် လျှော်၊ မီးပူတိုက် တစ်ယောက် သတ်သတ်ငှားပေးထားတာ၊ ထမင်းဟင်းချက်၊ အိမ်ရှင်းတာပဲ ညည်းလုပ်ရတာ ၊ လူငါးယောက်ပဲရှိတဲ့အိမ်မှာ ဘယ်သူမှ နှစ်ယောက်မထားဘူး၊ ငါ့စေတနာကို မစော်ကားနဲ့။

"အမေက မနေတတ်တော့ သူက လူပါးဝတော့တာပေါ့၊ ချော်လဲပါ့မယ်လို့ပြောနေတာ ဘာလို့ ဝင်လုပ်တာလဲ၊ အမေ့ကိုယ်အမေ ၁၆ နှစ်များ

မှတ်နေလား”

“ဩော်-သမီးရယ်၊ အမေလည်း အားနေတာကိုး”

အမေက အဲဒီ လို ဖျတ်လတ်လေ ကျွန်မက စိတ်ပူရလေ။

“အမေနော် သားသားတို့ လဲရင်တောင် ဝင်မဆွဲနဲ့၊ ကလေးဆိုတာ အရိုးကျိုးရင် ပြန်ဆက်တာ၊ အမေ့အရွယ်မှာ အရိုးကျိုးရင် ပြန်ဆက်ဖို့ မလွယ်ဘူး”

မျောက်ရှုံးအောင်ဆော့တဲ့ ကျွန်မသားနှစ်ယောက်ကို စိတ်မချတိုင်း တဟဲ့ဟဲ့နဲ့ နောက်က လိုက်လိုက်ဆွဲလွန်းလို့ ပြောထားရတာ လေ။ (၁၉)နှစ် သမီးက ဆရာမလုပ်လာတာ အစိုးရက အငြိမ်း စားပေးမှ မနားချင်၊ နားချင်နဲ့ နားခဲ့ရတာကိုး။ ကျောင်းဆရာမသက်တမ်းတစ်လျှောက် တပည့်တွေ အပေါ် အင်တိုက်အားတိုက် နာသုံးနာနဲ့ သင်ပေးခဲ့တဲ့ တောကျောင်းဆရာမ အမေက ပင်စင်ယူရမယ် ဆိုတော့ ဝန်ကြီးဆီ စာတင်မယ်တဲ့။ သူ မနားသေးပါဘူး၊ မအိုသေးပါဘူးပေ့ါလေ။ အဲဒီ လိုနဲ့ ပင်စင်ယူ ပြီးတော့လည်း တစ်စက်မှ အငြိမ်နေတာမဟုတ်ဘူး။ မနက်မိုးလင်းတာနဲ့ ကိုယ် လက်လေ့ကျင့်ခန်း လုပ်ပြီး အနည်းဆုံး နာရီဝက်လောက် လမ်းလျှောက်တော့တာပဲ။ လမ်းလျှောက်ရာက ပြန်လာတော့ ဘုရားဆွမ်းကပ်၊ လက်ဖက်ရည်သောက်၊ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးတာနဲ့ အိမ်အလုပ်တွေ တောက်လျှောက်လုပ်တော့တာ။ အခု ကျွန်မနဲ့နေတော့လည်း တစ်စက်ကလေးမှ အနားမနေဘူး။ သားတွေ နှိုးတာကနေ ထမင်းချိုင့်ထည့်တာ၊ ယူနီဖောင်းလဲတာအထိ အမေ မပါရင် မပြီးဘူး။ ဒါတောင် ဈေးဝယ်တာ မနည်း တားထားလို့။

“အမေရယ်၊ လူမြင်လည်း မကောင်းပါဘူး၊ ကားလမ်းဖြတ်ကူးတုန်း ဒူးတုပ်လဲကျမှ ဒုက္ခရောက် နေပ့ါမယ်၊ အမေလိုချင်တာ ကလေးတွေဝယ်ခိုင်းပါ”

“အိုအေ . . . ဈေးက နီးနီးလေးကို”

ကျွန်မ ဘယ်လိုပြောပြော လမ်းလျှောက်ပြန်လာရင် ဟင်းထုပ်၊

မုန့်ထုပ်တွေ လက်နှစ်ဖက်နဲ့ ကိုင်ပြီး တက်လာတာပဲ။ ဥပုသ်သွားစောင့်တဲ့ နေ့တောင် အလွတ်မပေးဘူး။ ဥပုသ်စောင့်၊ သီလယူပြီး ညနေ(၄)နာရီလောက် ဟင်းချက်ချိန်အမှီ စျေးဝယ်လာတာ။

"မိန်းကလေးဆိုတာ မနက်မိုးလင်းတာနဲ့ သနပ်ခါးလေးလိမ်း၊ ခေါင်းလေး ဖြီးထားမှပေ့ါ၊ ဒါမှ သွားစရာရှိ ကောက်ထသွားလိုက်ရုံပဲ၊ သွားကာနီးမှ ထ ဖြီးလိမ်းပြင်ဆင်နေလို့ ဘယ်ဖြစ်ပ့ါမလဲ"

သားတွေနိုးလာလို့ လမ်းထိပ်က အကြော်စားချင်တယ်။ ပဲပြုတ်စားချင်တယ်ဆိုရင် မနက်မိုးလင်းတာနဲ့ ကိုယ်လက်သန့်စင်ပြီးသား၊ ညအိပ်ဝတ်စုံ တစ်ခါတည်းလဲပြီးသား၊ သနပ်ခါး အဖွေး သားလိမ်းပြီးသား၊ အပြင်က လမ်းလျှောက်တစ်ပတ် ပြန်လာခဲ့ပြီးသား၊ အမြဲတမ်း အဆင်သင့်ဖြစ်ပြီး သား အမေကပဲ လမ်းထိပ် ပြေးရတာ လေ။ ကျွန်မက ပြောရင်-

"အိုအေ၊ သူ့ခိုင်းနေရင် ပြီးတော့မှာ မဟုတ်ဘူး။ သွားဝယ်ဆိုမှ သနပ်ခါးလိမ်းရတာ နဲ့၊ နှုတ်ခမ်းနီဆိုးရတာ နဲ့ ကြာလွန်းလို့"

သားတွေ ကျောင်းသွားပြီဆိုရင် နေ့လယ်စာ စီစဉ်ရပြီ။ အိမ်က ကောင်မလေးက ဘာမှ မသိတတ်၊ အချိုးကျကျ မစီစဉ်တတ်တော့ မုန်လာဥချဉ်ရည်ချက်၊ ချဉ်ပေါင်ရွက်ကြော်ပြီး ငါးချဉ်သုပ် ချင် သုပ်နေတာ။ တစ်ခါတလေ သားတွေ မနိုးခင် ထ သွားရတတ်တဲ့ ကျွန်မတို့ လင်မယားပြန်လာရင် ဖွယ်ဖွယ်ရာရာ စားရအောင် စီစဉ်တာလေ။ အားလုံးပြီးရင် အဝတ်ဟောင်းတွေရွေး၊ နှစ်ရင်ခြားတစ်ခါ အဝတ်လာလျှော်တဲ့ ကောင်မလေးလာရင် လျှော်ဖို့ လက်နဲ့လျှော်ရမယ့် အဝတ်နုတွေ ရွေးထုတ်ထား ပြီး စက်နဲ့လျှော်ရမယ့် အကြမ်းထည်တွေကို စက်နဲ့လျှော်တော့တာပဲ။

ပြီးရင် ပြောသေးတာ . . .

"အဝတ်လျှော်တာ အမေ့တာဝန်ထား . . ."

“အမေကလည်းနော် လူကြားမကောင်းအောင်ပြောနေပြီ၊ သူများတွေက တကယ် အဝတ်လျှော်ခိုင်းတယ် ထင်နေပါ့မယ်၊ အမေ သူများအထင်ကြီးခံချင်နေတာ မဟုတ်လား၊ ဟွန်း . . . တကယ်တမ်းက စက်နဲ့လျှော်တာများ”

ကျွန်မက စပြီဆိုရင် အမေက တဟဲဟဲ ရယ်နေရော။ အဝတ်လျှော်ထားတုန်း ထမင်းစား။ ဟော . . . ထမင်းလည်းစားပြီးရော လျှော်ပြီးသွားတဲ့အဝတ်တွေကို တစ်ထည်စီဖြန့်ခါ ချိတ်နဲ့လှန်း၊ အဲဒီ အချိန်မှာ (၁)နာရီ ထိုးသွားရင် တီဗွီရှေ့ အပြေးလာပြီး MRTV-4က လွှင့်တဲ့ တရားနာ၊ အစီအစဉ် တွေကို ဆက်လို့၊ တရားပြီး၊ တစ်ခါတလေ တရားမပြီးခင် သားကြီးက ကျောင်းပြန်လာပြီ။ ဘယ်လောက် အိပ်ချင် အိပ်ချင် သားကြီး ပြန်မလာသေးရင် အမေ မအိပ်နိုင်သေးဘူး။ အင်မတန် အယုအယခံချင်တဲ့သားကြီးကို အဝတ်လဲပေး၊ ထမင်းချိုင့်ကုန်လား၊ မကုန်လား စစ်ပြီးမှ နေ့ခင်း တစ်ရေးအိပ်၊ နိုးလာတော့ ရေချိုးပြီး စာဖတ်တော့တာပဲ။ ညနေရောက်ပြန်တော့ ဆရာမ ရောက်လာ လို့ စာသင်နေတဲ့ မြေးနှစ်ယောက် လိုတာစီစဉ်ပေးလိုက်၊ ဆရာမအတွက် သောက်စရာတစ်ခုခု စီစဉ် ပေးလိုက်၊ ကလေးတွေနဲ့ ဆရာမ စိတ်ကောက်ကြပြီဆိုရင် ဖြေရှင်းပေးလိုက်၊ အားလုံး ငြိမ်သွားပြီ ဆိုရင် စာအုပ်ဖတ်လိုက်၊ ကလေးတွေ ဘာလိုလည်း ထကြည့်လိုက်၊ မီးဖိုထဲဝင်ကြည့်လိုက်နဲ့ ညနေ တစ်ပိုင်း ကုန်ရော။ အိမ်မှာ ကျွန်မ လက်ဆောင်ရလာသမျှစာအုပ်တွေ အမေက ဒိုင်ခံဖတ်တာပေါ့။ ညကျရင် ကိုရီးယားကားကြည့်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးရင် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်တာ တစ်ခါ တလေ ဟောက်သံတွေ ထွက်လို့။ တစ်နေကုန် တလှုပ်လှုပ်နဲ့ ပင်ပန်းတယ် မဟုတ်လား။

“မလုပ်ပါနဲ့ အမေရယ် . . .”ဆိုရင်-

“အမေက တစ်နေကုန်ထိုင်ပြီး ဘာလုပ်နေရမှာတုံး”တဲ့။

အဲဒါလည်း ဟုတ်တာပဲ။ ဒီလို လှုပ်လှုပ်ရှားရှားနေလို့ အမေကျန်းမာတာပေါ့လေလို့ ဖြေတွေး တယ်။

အဲဒီ ဝေယျာဝစ္စတွေကြားထဲမှာ ဥပုသ်စောင့် သွားရင်တောင်-

“သမီးတို့ အားရဲ့လား၊ အမေ သွားလို့ ဖြစ်ရဲ့လား၊ အမေအိမ်ကပဲ ဥပုသ်ယူလိုက်လည်း ရတယ်”နဲ့ လုပ်သေးတာ။

အဲဒီ ဝေယျာဝစ္စတွေက ဝတ်ဖြစ်ပြီး တစ်ခါတလေတော့လည်း ဝတ်မှ ဟုတ်ရဲ့လား၊ ဝဋ်မျှား လားလို့ စဉ်းစားမိတဲ့အထိပါပဲ။

## (၃)

မော်လမြိုင်ခရီးမှာ မမကြီး ဆေးသွင်းတာကို စောင့်ကြည့်ရင်း ရောက်တတ်ရာရာတွေ တွေးမိ တယ်။ တကယ်ဆို အမေက မမကြီးထက် (၁၂)နှစ် ပိုကြီးတာဆိုတော့ ဖြစ်ချင်းဖြစ် အမေက ဖြစ်ရမှာ။ လူတစ်ယောက်ချင်းစီရဲ့ ကိုယ်ခံအား ကွာတယ်ဆိုပေမယ့် လူမှုဘဝ ခံယူချက်ကလည်း အရေးကြီး တာမဟုတ်လား။ အဖေနဲ့အမေ ကွာရှင်းကြတုန်းက ကျွန်မက တစ်တန်းပေါ့။ အဖေက “ကလေး စရိတ် တစ်ပြားမှ မပေးနိုင်ဘူး”ပြောတော့ “ရတယ်၊ တစ်လမှ ကျပ် ၈၀ ပဲရတဲ့ GEအလုပ်သမားတောင် ကလေးတစ်ပြုံကြီး ဝအောင်ကျွေးနိုင်သေးတာ၊ ကျွန်မ လခ ၁၂၆ကျပ်၊ ကျွေးနိုင်တယ် . . .” အဲသလို စိတ်ပြတ်သားခဲ့တဲ့ အမေပါ။ အာခံတယ်။ ပခုံးချင်း ယှဉ်တယ်ဆိုတဲ့ ပြစ်မှုနဲ့ ကွာရှင်းခဲ့တဲ့ အဖေက အရွဲ့တိုက်ပြီး တကယ် တစ်ပြား၊ တစ်ချပ် မထောက်ပံ့ခဲ့လည်း လက်မလျှော့၊ ဒူးမထောက်ဘဲ ကလေး ငါးယောက်နဲ့ ဘဝကို ရုန်းခဲ့သူလေ။ အမေကို မိသားစုဘဝဖန်တီးသူတစ်ယောက်ရဲ့ တာဝန်ကို သားစဉ်မြေးဆက် ထမ်းရုံတင်မကဘူး၊ ကိုယ်တိုင်က ကျန်းမာရေးလိုက်စား၊ ဖျိုးဖျိုးဖျတ်ဖျတ်သမား၊ သူများကို တာဝန်ပေးရတဲ့ အကျိုးဆက်အဖြစ် ကျန်းမာသန်စွမ်းခြင်းကို တန်ပြန်ရရှိ၊ ကလေးတွေ ပြုစု ပျိုးထောင်ခဲ့တဲ့ မေတ္တာဓာတ်တွေက အခု အသက်အရွယ်မှာ

ရောင်ပြန်ခံစား၊ သားသမီး၊ မြေးတွေ တရုန်းရုန်းနဲ့ ပျော်ရွှင်တက်ကြွစရာဘဝကို ပိုင်ဆိုင်နေသူ။ သားတွေက သူတို့အဘွားမှ သူတို့အဘွား။

ကျိုက်ထီးရိုးခရီးစဉ်မှာ သားနှစ်ယောက်က အမေ့ပေါင်ပေါ် ခေါင်းတင်၊ မမကြီးပေါ် ခြေထောက်မတင်နဲ့၊ ဘွားဘွားပေါ်တင်ဆိုတာ မရဘူး”

“ငါ့အေ၊ မယုကို အားနာလိုက်တာ ညည်းသားတွေက တော်တော်ဆိုးတယ်၊ ခြေထောက်မတင် နဲ့၊ ဘွားဘွားပေါ်တင်ဆိုတာ မရဘူး”

ကလေးတွေကို အပြစ်တင်နေတဲ့ အမေ့ရဲ့မျက်နှာက ပီတိတွေနဲ့ ပြုံးလို့၊ ဘာမှ မဟုတ်ဘူး ထင်ရတဲ့ အသေးအဖွဲ့လေးတွေက အမေ့ကို ချစ်ခြင်း ယုံကြည်ချက်တွေနဲ့ တက်ကြွစေပါတယ်။ ကျွန်မ စိတ်မကောင်းဖြစ်ခဲ့ဖူးတဲ့၊ ဇဝေဇဝါ ယောင်ဝါးဝါး တွေးထင်ခဲ့ဖူးတဲ့ ‘ဝတ်လား၊ ဂုဏ်လား’ဆိုတာ အခု အချိန်မှာ ထင်ထင်ရှားရှား သိလာရပြီ။

“မမကြီး . . . မနက် မနက် ထပြီး လမ်းလျှောက်ပါလား၊ အမေ ကျန်းမာတာ အမြဲ လေ့ကျင့်ခန်းလုပ်နေလို့လေ၊ ပိန်တာ၊ ဝတာနဲ့ မဆိုင်ဘူး၊ လေ့ကျင့်ခန်းလေး မှန်မှန်လုပ်နေတော့ ကျန်းမာရေးကောင်းတာပေ့ါ”

တစ်ခါ ပြောခဲ့ပြီးပြီ။ ထပ်ပြောရရင် ယောက်မပီပီ လျှာရှည်ရန်ကော အထင်ခံရတော့မယ်။ မနက် မိုးထိန်ထိန်လင်းမှ အိပ်ရာက ထ၊ ကော်ဖီသောက်၊ မုန့်စားပြီး တစ်နေကုန် ပုတီးစိပ်၊ ထမင်း လာစား၊ စာဖတ်၊ ထိုင်လိုက်၊ အိပ်လိုက်။ ညစာ လာစားလိုက်၊ အဲဒီ လိုနဲ့ ညရောက်လာ၊ ဒါနဲ့ပဲ နောက် တစ်ရက်ကူး။ ကျွန်မအဖေ ပြောတတ်တဲ့ ‘မခုတ်ဘဲ ပုတ်ထဲက ဓားမကြီးပဲ့’ ဆိုသလိုပဲ အိမ်ထဲမှာနေပြီး နေမကောင်းဖြစ်နေတော့ စိတ်ရှုပ်မိရတယ်။ ရန်ကုန်မှာလည်း ထမင်းစာမစားရင် အိမ်က ကောင်မလေးကို ဆန်ပြုတ်၊ စွပ်ပြုတ် သွားသွားပို့ခိုင်းတယ်၊ အမေက ဆေးခန်းလိုက်ပို့ရတယ်။ ဆေးခန်းဆိုလို့ ပြောရဦးမယ်။ ကျွန်မတို့ အိမ်ရဲ့ ဟိုဘက်လမ်းမှာ ဖွင့်ထားတဲ့ဆေးခန်းက အေးဆေး

တိတ်ဆိတ်ပြီး အကြာကြီး ထိုင်မစောင့်ရတဲ့ သာမန်ဆေးခန်းလေးပေါ့၊ အဲဒီ ဆရာဝန်မလေးက အမေ့ကို ရင်းရင်းနှီးနှီးကို သိနေတာ၊ ဆေးခန်းပြရလို့ မဟုတ်ဘူးနော်၊ အိမ်မှာ ရှိသမျှလူကို ဆေးခန်း လိုက်ပို့ရလို့။ မြေးမက ခြေထောက်ကိုက်တဲ့ရောဂါရှိတော့ ရောဂါသည်းပြီဆိုရင် အဘွားက ဆေးခန်း လိုက်ပို့၊ နောက်အိမ်က ကောင်မလေး ဗိုက်အောင့်တတ်တော့ ထုံးစံအတိုင်း အဘွားကလိုက်ပို့၊ ကျွန်မ သားတွေ ချောင်းဆိုးရင်လည်း အဘွားပဲ၊ ဆရာဝန်မလေးက "အဘွား ပွဲစား ဖြစ်နေပြီ"လို့နောက်ရင် အမေက "duty is duty"လေဆရာမရဲ့ လို့ပြန်နောက်သေးတာ၊ အမေပြောလည်း ပြောစရာ၊ ကျွန်မတို့ တစ်အိမ်လုံး ပေ့ါပေ့ါပါးပါး၊ မနာမဖျားဆိုလို့ အမေပဲ ရှိတာကိုး။

အခုလည်း ခရီးထွက်တာ နှစ်ရက်တည်းရှိသေး မနက်စာ မစားနိုင်ဘူး၊ ညက တစ်ညလုံး အိပ်မပျော်ဘူးဆိုလို့ ဆေးခန်းပြ၊ ဆေးသွင်းပေးနေတာ စေတနာရှိပါတယ်၊ စိတ်ရှုပ်တာတစ်ခုပါပဲ။ မျှော်လင့်ချက် မရှိ၊ ပေးဆပ်မှု မရှိ၊ ရယူလိုခြင်း မရှိ၊ တောင်းဆိုမှု မရှိ၊ လှုပ်ရှားမှု မရှိ၊ အဝင်၊ အထွက် မရှိတဲ့ ငြိမ်သက်တဲ့ဘဝမျိုး။

ကျွန်မခေါင်းထဲမှာ လင်းခနဲ ဖြစ်သွားတယ်၊ ဟုတ်တယ် ရေသေအိုင်ပေါ့၊ ရေသေအိုင်လို ဘဝမျိုးပေါ့။ ဆက်တွေးဖြစ်တယ်၊ အပျိုကြီးဆိုတော့ . . . ဆက်တွေးဖြစ်တယ်။ ကိုယ်ကလည်း ဘယ်သူ့ကိုမှ မနွေးထွေးခဲ့ . . .။ ဆက်တွေးဖြစ်တယ် . . . အခုလို ထူထောင်နိုင်တဲ့ အချိန်ဆိုရင်တော့ ဟုတ်ပါရဲ့၊ မထူနိုင်၊ မထောင်နိုင်တဲ့အချိန်တွေမှာ သံယောဇဉ်နဲ့ နွေးထွေးမယ့်သူ လိုအပ်လာခဲ့ရင် . . . ဆက်တွေးဖြစ်တယ်။ ဆက်တွေးဖြစ်တာ အများကြီးပါပဲ။

အဲဒီ တွေးဖြစ်တဲ့အထဲမှာ ထဘီနားနဲ့ ပုဆိုးနားဆိုရင် ထဘီနား ပိုခင်တွယ်တယ်ဆိုတဲ့ အဆိုကို ငြင်းချင်လာတယ်။ ထဘီနား၊ ပုဆိုးနားဆိုတာထက် ပြုစုပျိုးထောင် အချိန်ပေး၊ နွေးထွေး၊ ပေးဆပ်မှု တွေက အဓိကပဲ မဟုတ်လား။

အတွေးဆိုတာ ဆက်စပ်နေတာမျိုးဆိုလေတော့ အပျိုကြီးတစ်ယောက်ရဲ့

ဘဝရေသေအိုင်ကို အနီးကပ် လေ့လာဖြစ်နေတဲ့အချိန်မှာ အာရုံတွေက 'ရေသေအိုင်ဘဝတွေ'ကိုပဲ ရောက်ရောက်သွား တော့တာ။

ကျွန်မတို့ မိတ်ဆွေရဲ့ အစ်ကိုတစ်ယောက်က ကိုတင်ထွန်းတဲ့၊ အသက်(၅၀)လောက်ရှိပြီ၊ မောင်နှမ (၇)ယောက်ရဲ့ အကြီးဆုံးအစ်ကို၊ အသက်(၈၀)ပြည့်တော့မယ့် အမေအိုရဲ့ သားကြီး ဩရသ ပေါ့။ မောင်နှမ တွေအားလုံးက အလုပ်ကိုယ်စီနဲ့ ကိုတင်ထွန်း ကိုယ်တိုင်လည်း ကျန်းမာသန်စွမ်းတဲ့ သူ၊ အိမ်တစ်လုံးဆောက်နိုင်တဲ့အထိ လက်သမားပညာ၊ ပန်းရန်ပညာတွေ ပြည့်ဝတဲ့သူ၊ ဒါပေမယ့် ဘာမှမလုပ်ဘူး၊ ဒီအတိုင်း ထိုင်စားတာ။ ဓမ္မာရုံမှာ လူကြီးလိုလို၊ ကလေးတွေ ဘာသာရေး သင်ပေး သယောင်ယောင်၊ သူ့မောင်နှမထဲက အိမ်ဆောက်မယ်၊ အိမ်ပြင်မယ်ဆိုရင် သူတတ်ထားတဲ့ ပညာနဲ့ မနားမနေ ဝင်လုပ်ပေးပေမယ့် ကျန်တဲ့အချိန်ဆို ရှိလည်းအေးအေး၊ မရှိလည်း အေးအေး၊ သူတို့ အနေ အထားက တစ်နေ့လုပ် တစ်နေ့စားဘဝတွေ၊ ဒါပေမယ့် စားစရာမရှိလည်း မစားဘူးဆိုတဲ့ အချိုးစရိုက် မျိုးလေ။ မနေနိုင်တဲ့ ညီ၊ ညီမတွေက အမေအိုကြီးကို ထောက်ပံ့တာနဲ့ သားအမိ နှစ်ယောက် အသက် ဆက်နေတာပဲ။

## (၄)

အသက်(၇၆)နှစ်အရွယ် အမေ့အတွက် ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်၊ အမျှဝေ၊ လူကြီးအလုပ်ဆိုတာ ဒါပဲလား။ နိစ္စဓူဝ ဒီသံသရာထဲမှာ ဂဲလည်လှည့်ရင်း သေမင်းတိုင်းပြည်ရဲ့ အကြို တော်ကို အမျှော်ထောက်ရမလား။ အိမ်ဦးခန်းမှာ ငုတ်တုတ်ကလေး ထိုင်ရင်း ဟိုဟိုဒီဒီကြည့်၊ လူပိုကြီး တစ်ယောက်လို အရာရာကို ငြင်းပယ်ရင်း အားလုံးရဲ့ တုံ့ပြန်ငြင်းပယ်မှုနဲ့ ဘဝကို အဆုံးသတ်ရမှာ လား။

ဗြဟ္မာ့ပြည်က အပ်တစ်စင်းနဲ့ လူ့ပြည်က အပ်တစ်စင်းတို့ရဲ့ ဆုံတွေ့မှုကို လူ့ဘဝရဖို့ ခက်ခဲပုံနဲ့ နှိုင်းယှဉ်တတ်ကြသလို လူ့ဘဝရခဲ့ပြီးပါမှ လူနေမှုပျောက်၊

လူ့သိက္ခာပျောက်၊ လူ့တန်ဖိုးပျောက်၊ လူစိတ်ပျောက်တဲ့ ပခုံးနှစ်ဖက်ကြားခေါင်းပေါက်လို့သာ လူလို့ခေါ်ရတဲ့ဘဝမျိုးနဲ့ အဆုံးသတ်ရတော့ မလား။

လူအိုပေမယ့် စိတ်မအိုသေးတဲ့ အမေက ရွှေပြည်သာ၊ မြိုင်သီလရှင်ကျောင်းကို ရောက်တော့ စာသင်ခန်းတွေ လျှောက်ကြည့်၊ စာသင်နေတဲ့ ကလေးတွေကြည့်ပြီး-

"မနီးလို့ နီးများနီးရင် တစ်တန်းလောက်တော့ တာဝန်ယူသင်ပေးလိုက်ချင်သေးတယ်"

အမေ့ရဲ့ အားမလို အားမရ ပြောသံကို ကြားတော့ ကျွန်မ တော်တော် စိတ်မကောင်းဖြစ်မိ တယ်။ ကျွန်မလည်း တွေးခဲ့ဖူးတယ်။ အမေ့မှာ ခွန်အားတွေ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ၊ စိတ်ဓာတ်တက်ကြွမှုတွေ အများကြီး။ ဘုရားမှာ၊ ဓမ္မာရုံမှာ၊ နာရေးကူညီမှုအသင်းမှာ၊ အခုလို ပရဟိတ စာသင်ကျောင်းတွေမှာ အမေတတ်နိုင်သလောက် လုပ်အားပေးရင်း ကိုယ့်ကိုယ်ကိုယ် တည်ဆောက် ဖို့ စီစဉ်ပေးမယ်ဆိုတဲ့ စိတ်ကူးက လက်တွေ့မှာ အကောင်အထည်မဖော်နိုင်ခဲ့ဘူး။ ဘာမှ လုပ်မပေး နိုင်ခဲ့ဘူး။

"Man may come and man may go but I go on forever"ဆိုတဲ့ စကားလေးကို သတိရမိ တော့ အမေ့ဘဝကို ဧရာဝတီမြစ်ကြီးလို့ တင်စားချင်လာပါတယ်။ ပင်လယ်ဆီ တငြိမ့်ငြိမ့် စီးဆင်းလာ တဲ့ဧရာဝတီလို ကိုယ်တိုင်လည်းစီးဆင်း ပတ်ဝန်းကျင်ကိုလည်း အထောက်အပံ့ပေးနေခဲ့တာကိုး။ ဧရာဝတီမြစ်ကြီး ထာဝရစီးဆင်းစေချင်သလို ကျွန်မတို့ရဲ့ ချစ်သောအမေ အသက်ရာကျော် ရှည်စေ ချင်ပါတယ်။ အနာဘယ ကင်းဝေးပြီး အထူးသဖြင့်တော့ မပင်ပန်းတဲ့၊ ညင်သာတဲ့ ခွဲခွာမှုနဲ့ ဘဝကို၊ သား၊ သမီး၊ မြေး၊ အပေါင်းအသင်းတွေကို သတိရှိရှိ နှုတ်ဆက်စေချင်ပါတယ်။ သံသရာကို ယုံကြည်သူ အမေ့အတွက် နောင်သံသရာပေါင်းများစွာမှာ ယုံကြည်ရာ ဘာသာ၊ သာသနာအကျိုး တင်မ အတ္တ၊

ပရ ကိုယ်တိုင်မျှသလို အတ္တ၊ ပရ အလေးဂရုထားတဲ့ ပတ်ဝန်းကျင်ကိုပဲ ကြုံဆုံစေချင်ပါ တယ်။ အမေနဲ့ တစ်မိုးတည်းအောက်မှာ နေထိုင်ရင်း ခွဲခွာဖို့ စိတ်ဓာတ်ပြင်ဆင်လေ့ကျင့်နေတဲ့ ကျွန်မ ဘယ်သူကဘယ်သူ့ကို ခွဲခွာမှာပါလိမ့်လို့ တွေးမိတတ်ပါတယ်။ သီးမှည့်တဝင်းဝင်း . . . သီးကင်း တဖြုတ်ဖြုတ်လို့ စာဆိုရှိတယ် မဟုတ်ပါလား . . .။ ။

(၁၇.၄.၂၀၁၄ က ၇၉ နှစ်ပြည့်ခဲ့သော အငြိမ်းစား ကျောင်းဆရာမကြီး အမေသို့ . . .)

**ကလျာမဂ္ဂဇင်း၊**

**အမှတ်(၃၂၆)၊ မေလ၊ ၂၀၁၂**

***